ကံရွာလေးကျေးရွာ

ထုံးပေါက်တောကျေးရွာအုပ်စု၊ မကွေးမြို့နယ်

မကွေးတိုင်းဒေသကြီး

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ကံရွာလေး ကျေးရွာ

(မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

ဒီဇင်ဘာလ၊ ၂၀၂၂

**မာတိကာ**

**၁။ စကားချီး** ၅
**၂။ သယံဇာတပြမြေပုံ** ၇
**၃။ ရာသီခွင်ပြပြက္ခဒိန်** ၈
**၄။ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ** ၉
**၅။ တည်နေရာနှင့် ပထဝီအနေအထား** ၁၀
**၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ** ၁၀
**၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ** ၁၀
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ
(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု
(င) ပညာရေး
(စ) ကျန်းမာရေး
(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး
(ဇ) ကျား – မ ရေးရာ
**၈။ ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ** ၁၄

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) - ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၅

နောက်ဆက်တွဲ (၂) - ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ(၄၈) ၁၆

ဇယား(၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းများ

ဇယား(၂) လုပ်ငန်းနှင့် ကျား/မ အလိုက် အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား(၅) ဓာတ်သတ္တုနှင့် အခြားသဘာဝအရင်းအမြစ်များ

ဇယား(၆) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား(၇) ချေးငှာခြင်းမရှိဘဲတစ်နေ့လျှင် အနည်းဆုံးနစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ

ဇယား(၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်မှု အခြေအနေ

ဇယား(၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား(၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား(၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား(၁၃) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား(၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

ဇယား(၁၅) အဓိက သီးနှံများနှင့် အထွက်နှုန်း

ဇယား(၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား(၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား(၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား(၁၉) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား(၂၀) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား(၂၁) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား(၂၂) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများ အတွက် အခွင့်
အလမ်းများ

ဇယား(၂၃) စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် ပြဿနာနှင့်
အခက်အခဲများ

ဇယား(၂၄) ရွှေ့ပြောင်းသွားလာသူများ ဖြစ်ပေါ်လာပုံ၊ ပုံစံနှင့် အချိန်ကာလ

ဇယား(၂၅) ရွှေ့ပြောင်းသွားလာရခြင်း၏ အဓိကအကြောင်းအရင်း

ဇယား(၂၆) ရွှေ့ပြောင်းလုပ်ကိုင်သူများမှ ပြန်ပို့ငွေ

ဇယား(၂၇) ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ

ဇယား(၂၈) ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း

ဇယား(၂၉) သဘာဝပတ်ဝန်းကျင်နှင့် သဘာဝရင်းမြစ် စီမံခန့်ခွဲမှုအတွက် လက်ရှိအလေ့အကျင့် နှင့်
အခက်အခဲများ

ဇယား(၃၀) မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း

ဇယား(၃၁) ကျောင်းတက်နှုန်း

ဇယား(၃၂) စာသင်ကျောင်းဆောင်အခြေအနေနှင့် ဝန်ဆောင်မှု

ဇယား(၃၃) ပညာရေးအခက်အခဲနှင့် ပြဿနာများ

ဇယား(၃၄) အဖြစ်များသော ရောဂါများ

ဇယား(၃၅) လွန်ခဲ့သော (၁၂)လအတွင်း ကာကွယ်ဆေးထိုးနှံမှု

ဇယား(၃၆) ကျန်းမာရေးအထောက်အပံ့နှင့် ဝန်ဆောင်မှုများ

ဇယား(၃၇) သောက်သုံးရေရရှိမှု

ဇယား(၃၈) အိမ်သာအမျိုးအစား

ဇယား(၃၉) ကျား/မ ရေးရာ

ဇယား(၄၀) ကျေးရွာ၏ လမ်းတည်ရှိမှုအခြေအနေ

ဇယား(၄၁) ကျေးရွာ၏ တံတား တည်ရှိမှုအခြေအနေ

ဇယား(၄၂) ရေကြောင်းသယ်ယူပို့ဆောင်ရေး

ဇယား(၄၃) သယ်ယူပို့ဆောင်ရေးယာဉ်များ

ဇယား(၄၄) လျှပ်စစ်မီးရရှိမှုအခြေအနေ

ဇယား(၄၅) ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာအခြေအနေ

ဇယား(၄၆) ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေးအခြေအနေ

ဇယား(၄၇) ဘေးကင်းလုံခြုံရေးဝန်ဆောင်မှု၊ အထောက်အကူများအား လက်လှမ်းမီမှု

ဇယား(၄၈) မှုခင်းဖြစ်ပွားမှုအခြေအနေ

**၉။စီမံချက်ဆိုင်ရာအဆိုပြုလွှာ(AVIP)** ၇၆

**၁၀။ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း** ၇၈

**၁၀။ကိုးကားစာရင်း** ၇၉

၁။ စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၂/၂၀၂၃ ဘဏ္ဍာရေးနှစ်မှ ၂၀၂၆/၂၀၂၇ ဘဏ္ဍာရေးနှစ် အထိငါးနှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကံရွာလေးကျေးရွာ၏ ကျေးရွာသူ/ သားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသည့် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက် ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် မကွေး မြို့နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူး တင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလ များက စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများဖြင့် စနစ်တကျ ပူးပေါင်းပါဝင် ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲ ရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါခဲ့သည်။ ဤလုပ်ငန်းစဉ် ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက် ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံ လိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာန ဆိုင်ရာများမှရယူပြီး ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာန များနှင့် အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာ နားလည် သိရှိခဲ့ပါသည်။

ယခု ရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်း ရရှိသည့် အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင်ထပ်မံရရှိသည့် ကိန်းဂဏန်း အချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာ သေချာပါသည်။ ဤစီမံကိန်းတွင် ပါဝင်သော လုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့် အခက်အခဲများ၊ ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလအပေါ် မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ အကြံပြုချက်များ၊ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

နိုဝင်ဘာလ ၊ ၂၀၂၂ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

ကံရွာလေးကျေးရွာ

မကွေးမြို့နယ်

## ၂။ ကံရွာလေးကျေးရွာ၊ သယံဇာတပြမြေပုံ

မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊ ကန်ရွာလေးကျေးရွာ သယံဇာတပြမြေပုံ



## ၃။ ကံရွာလေး ကျေးရွာ၊ ရာသီခွင်ပြ ပြက္ခဒိန်

မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊ ကန်ရွာလေးကျေးရွာ ရာသီခွင်ပြပြက္ခဒိန်



## ၄။ ကံရွာလေး ကျေးရွာ၊ ဖွံ့ဖြိုးရေးအဖွဲ့အစည်းပြပုံ(VanDiagram)

မကွေးမြို့နယ်၊ ထုံးပေါက်တောကျေးရွာအုပ်စု၊ ကန့်ရွာလေးကျေးရွာ အဖွဲ့အစည်းပြမြေပုံ



## ၅။ တည်နေရာနှင့်ပထဝီအနေအထား

ကံရွာလေး ကျေးရွာသည် မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်အတွင်း တည်ရှိပြီး မကွေး–နတ်မောက်လမ်းမကြီး၏ မြောက်ဘက် မကွေးမြို့မှ အရှေ့မြောက်ဘက် (၅)မိုင်ခန့် အကွာတွင် တည်ရှိပါသည်။ ကျေးရွာသည် မြေပြန့်အနေအထား တည်ရှိပြီး မြောက်ဘက်တွင် ထုံးပေါက်တောကျေးရွာ၊ တောင်ဘက်တွင် ဝက်သိုက်ကျေးရွာ၊ အနောက်ဘက်တွင် အလယ်ချောင်း ကျေးရွာ၊ အရှေ့မြောက်ဘက်တွင် နတ်ကန်ကျေးရွာတို့ တည်ရှိပါသည်။

## ၆။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

ကံရွာကျေးရွာတွင် မိုးရေချိန်ပျမ်းမျှ တစ်နှစ်လျှင် (၃၀)လက်မအထိသာ ရွာသွန်းသော ကျေးရွာဖြစ်ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်း မိုးနည်းရပ်ဝန်းဒေသတွင် တည်ရှိသည့် အတွက် မိုးရွာသွန်းမှု နည်းပါးပါသည်။ ရာသီဥတုဖောက်ပြန်မှုနှစ်စဉ် ဖြစ်ပွားလျက်ရှိပြီး သီးနှံများ ပျက်စီးခြင်း၊ မိုးခေါင်ခြင်း၊ မိုးဦးကျနောက်ကျခြင်းများ ကြုံတွေ့လျက်ရှိပါသည်။ နွေရာသီတွင် အပူဒဏ်လွန်ကဲခြင်းဒဏ်ကို ခံစားရပြီးသဘာဝမြေသြဇာအဖြစ် သဘာဝရင်းမြစ်များဖြစ်သည့် ရေနံ၊ ခဲတင်ငွေ့၊ ကျောက်မျက်ရတနာ၊ ကျောက်၊ သဲ၊ ကျောက်စရစ်များထွက်ရှိခြင်း မရှိပါ။ စိုက်ပျိုးရေ အဖြစ် မိုးရေကိုသာ မှီခိုအားထားလျက်ရှိပြီး မြေသြဇာသုံးစွဲမှုအနေဖြင့် တိရစ္ဆာန်စွန့်ပစ်ပစ္စည်းများ ကိုသာ အသုံးပြုကြပါ သည်။ မြေလွတ်မြေလပ်များ ရှိသော်လည်း သစ်တော၊ သစ်ပင်များ ဖြစ်ထွန်းမှု နည်းပါးပါသည်။ လျှပ်စစ်မီး ရရှိပြီးသည့် ကျေးရွာဖြစ်ပြီး သောက်ရေသုံးရေအဖြစ် အဝီစိ စက်ရေတွင်းများမှ ရေကို ရယူသုံးစွဲလျက်ရှိပါသည်။

## ၇။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

### (က) ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာစီမံခန့်ခွဲမှုအခြေအနေ

ကံရွာကျေးရွာတွင် ဆယ်အိမ်မှူး(၂၂)ဦး၊ ရွာခွဲတာဝန်ခံ(၁)ဦး ပါဝင်သော ကျေးရွာ အုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်လျက် ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုဖွံ့ဖြိုးရေး ဆိုင်ရာကိစ္စရပ်များအား ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာမီးဘေးကာကွယ်ရေးအတွက် အရန်မီးသတ်တပ်ဖွဲ့ ဖွဲ့စည်းကာ မီးဘေး ကာကွယ်ရေးလုပ်ငန်းများ ကြိုတင်ဇာတ်တိုက် ခြင်းဖြင့် မီးအန္တရာယ်ကာကွယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာတွင် ဘာသာရေးဆိုင်ရာ ကိစ္စရပ်များနှင့် အလှူပွဲ၊ မင်္ဂလာပွဲများတွင် လူငယ်အဖွဲ့၊ ပရဟိတအဖွဲ့တို့မှ ဦးဆောင်ကာ ဧည့်ခံကျွေးမွေး လုပ်ကိုင်ဆောင်ရွက် လျက်ရှိပါသည်။

အခြား NGO အဖွဲ့များ ၊ အစိုးရဌာနများနှင့်လည်း ချိတ်ဆက်၍ သက်ဆိုင်ရာ ကော်မတီများ ဖွဲ့စည်းကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။

**(ခ) စီးပွားရေးနှင့်အသက်မွေးမှုအခြေအနေ**

ကျေးရွာ၏အဓိကလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သော်လည်း ယာမြေများမှာ ရာသီဥတုဖောက်ပြန်မှုကြောင့် မြေဆီလွှာများ ပျက်ဆီးလာပြီး အထွက်နှုန်း လျော့နည်းကာ ဝင်ငွေနည်းပါးပါသည်။ မွေးမြူရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေးနှင့် တွဲဘက်ကာ တစ်ပိုင်တစ်နိုင် ကြက်၊ ဝက်၊ ဆိတ်၊ နွားမွေးမြူရေး လုပ်ငန်းများ လုပ်ကိုင်ကြ ပါသည်။ လခစား ဝန်ထမ်း နည်းပါးခြင်းကြောင့် လစဉ်ပုံမှန်ဝင်ငွေ ရရှိသော အိမ်ထောင်စု နည်းပါးပါသည်။ ကျေးရွာသည် လက်လုပ်လက်စား ကျပန်းသမားပေါ်များပြီး လက်သမား/ ပန်းရံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများပြားပါသည်။ မကွေးမြို့ပေါ်ရှိ ကုမ္ပဏီများ ၊ ကန်ထရိုက်များထံတွင် လုပ်ငန်းကျွမ်းကျင် တတ်မြောက်မှုအပေါ် မူတည်၍ နေ့စားငွေပေးချေခြင်းဖြင့် အသက်မွေးဝမ်းကျောင်းပြုလျက်ရှိပါသည်။

**(ဂ) အခြေခံအဆောက်အဦနှင့်ဝန်ဆောင်မှုများ**

ကျေးရွာတွင် ဘုန်းကြီးကျောင်း(၁)ကျောင်း၊ မူလွန် စာသင်ကျောင်း (၁)ကျောင်း ရှိပါသည်။ ကျေးရွာတွင်းလမ်း၊ ချဉ်းကပ်လမ်းများသည် မြေသားလမ်းများဖြစ်ပြီး ပွင့်လင်းရာသီတွင်သာ သွားလာရလွယ်ကူပြီး မိုးတွင်းကာလတွင် ကြမ်းတမ်းခက်ခဲစွာ သွားလာနေရပါသည်။ တံတား၊ ရေပြွန်၊ ရေကျော်များ မရှိပါ။ လျှပ်စစ်မီး ရရှိပြီး ရေသုံးစွဲမှုအနေဖြင့် အဝီစိ စက်တပ်တွင်းများမှ ရေကို ရယူ၍ သောက်ရေ၊ သုံးရေအဖြစ် သုံးစွဲလျက်ရှိကြပါသည်။ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များအတွက် ဖုန်းများ၊ တီဗီ၊ ရေဒီယို၊ ဂြိုလ်တု၊ စလောင်းများရှိပြီး ဆက်သွယ်ရေးသတင်း အချက်အလက်ဆိုင်ရာ အထောက်အကူပြု အဆောက်အဦများ၊ အာမခံလုပ်ငန်း ဝန်ဆောင်မှုများ မရှိပါ။ ကျေးရွာအနီးတွင် တယ်လီဖုန်းတာဝါတိုင်များ ရှိသည့်အတွက် အင်တာနက်လက်လှမ်းမီစွာ သုံးစွဲနိုင်ပါသည်။

**(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု**

စိုက်ပျိုးရေးချေးငွေများကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ချေးယူရရှိပြီး သမဝါယမအသင်းမှလည်း ချေးငွေထုတ်ယူရရှိပါသည်။ နိုင်ငံတကာအဖွဲ့အစည်းများ ဖြစ်သည့် PACT Myanmar အဖွဲ့တို့မှလည်း ချေးငွေများ ရယူ၍ လည်ပတ်ဆောင်ရွက်လျက် ရှိပါသည်။

## (င) ပညာရေး

ကံရွာကျေးရွာတွင် မူလတန်းကျောင်း(၁)ကျောင်းရှိပြီး ကျောင်းနေအရွယ် ကလေး အားလုံး (မူလတန်း) ကျောင်းနေပြီး စာပေသင်ကြားလျက် ရှိပါသည်။ စာသင်ကျောင်း ဆောင်(၁)ဆောင်ရှိပြီး ကောင်းမွန်ပါသည်။ အလယ်တန်းသို့ ဆက်လက် တက်ရောက် လိုပါက ကျေးရွာ မြောက်ဘက်ရှိ သမန်းတောကျေးရွာသို့ သွားရောက် တက်ကြကြောင်း တွေ့ရှိရပါသည်။ ကျေးရွာ၏ အသက်(၆၀)အထက် ပုဂ္ဂိုလ်များသည် ဘုန်းကြီးကျောင်း ပညာရေးအဆင့် အများဆုံးဖြစ်ပြီး ကျေးရွာ၏ လူဦးရေ အများစုသည် မူလတန်းအဆင့် ရှိသူများကြောင်း တွေ့ရှိရပါသည်။ ကျေးရွာတွင် ကျောင်းသား အင်အားနှင့် စာသင်ကျောင်း ဆောင် မျှတမှုရှိသော်လည်း ဆရာ/ဆရာမ အင်အား လုံလောက်မှု မရှိပါ။ ကျေးရွာတွင် အထက်တန်းပညာ တတ်မြောက်သူနှင့် ဘွဲ့ရပညာတတ်လူငယ် အသင့်အတင့် ရှိကြောင်း တွေ့ရှိရပါသည်။

## (စ) ကျန်းမာရေး

ရာသီကူးပြောင်းကာလများတွင် ဝမ်းပျက်ဝမ်းလျှော၊ တုပ်ကွေးရောဂါ အနည်းငယ်နှင့် တီဗီရောဂါဖြစ်ပွားသူ အနည်းငယ်ရှိပြီး ဆီးချို၊ သွေးချို၊ သွေးတိုး၊ အသည်း ရောဂါ(ဘီ/စီ)နှင့် အခြားကူးစက်ရောဂါများ ဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ကျေးရွာ ကျေးလက်ဆေးပေးခန်း မရှိပါ။ ကျေးရွာတွင် HIV/AIDS ရောဂါဖြစ်ပွားသူမရှိပါ။ အချို့ကလေးများတွင် အာဟာရချို့တဲ့မှု အနည်းငယ်တွေ့ရှိပါသည်။ သတ်မှတ်ရက်များတွင် ပုံမှန်ကာကွယ်ဆေး များ ထိုးနှံတိုက်ကျွေးပေးသည်ကို တွေ့ရှိရပါသည်။ သက်ကြီးရွယ်အိုများတွင် သွေးတိုး၊ ဆီးချိုရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပြီး ရာသီအကူးအပြောင်းတွင် ဖျားနာခြင်း၊ ဝမ်းပျက် ဝမ်းလျှောရောဂါများနှင့် သွေးလွန်တုပ်ကွေးရောဂါများ ဖြစ်တတ်ပါသည်။ HIV, AIDS ရောဂါဖြစ်ပွားမှုများ မတွေ့ရှိရပါ။ ပုံမှန်ကာကွယ်ဆေးများကို ကျေးလက်ကျန်းမာရေး ဦးစီးဌာနမှ သတ်မှတ်ရက်များတွင် ဆောင်ရွက်မှုများ တွေ့ရှိရပါသည်။ ရောဂါအခြေအနေ ပေါ်မူတည်ပြီး မကွေးမြို့ပေါ်ရှိ ဆေးရုံများနှင့် ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများတွင် ကုသမှု ခံယူကြကြောင်း တွေ့ရှိရပါသည်။

## (ဆ) ဘေးအန္တရာယ်များနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

မြေဆီ၊ မြေဩဇာ၊ မြေဆီလွှာများသည် မိုးသည်းထန်စွာ ရွာသွန်းပြီး တိုက်စားခြင်း၊ လေတိုက်စားခြင်း၊ ဓာတ်မြေဩဇာသုံးစွဲမှု ရှည်ကြာလာသည်နှင့်အမျှ မြေဆီလွှာ ပျက်စီး နေပြီ ဖြစ်ပါသည်။ သစ်ပင်များပြုန်းတီးလျက်ရှိပြီး မိုးခေါင်ခြင်း၊ မိုးဦးကျနောက်ကျခြင်းများ ကြုံတွေ့ရသည့်အတွက် သီးနှံများ ပျက်စီးဆုံးရှုံးလျက်ရှိပါသည်။ ဖျက်ပိုးကျရောက်မှု ၊ တိရစ္ဆာန်ကူးစက်ရောဂါဖြစ်ပွားမှုများ ကြုံတွေ့လျက်ရှိပါသည်။

ဘေးအန္တရာယ်ဖြစ်စေသော မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မီးသတ်လူငယ်များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ မီးကျင်း၊ မီးကဒ်၊ မီးချိတ်၊ လှေကားရေအိုးများ ထားရှိခြင်း စသော ကြိုတင်ကာကွယ်မှုများကို ခြောက်သွေ့ရာသီဖြစ်သော နွေရာသီတွင် အထူး ဂရုပြုကြပါသည်။

သဘာဝပတ်ဝန်းကျင်းထိန်းသိမ်းရေးအတွက် အမှိုက်များ စနစ်တကျစွန့်ပစ်စေရေး အတွက် လမ်းများတွင် အမှိုက်ပုံများ၊ အမှိုက်အိတ်များထားရှိပါသည်။ သစ်တောမပြုန်းတီး စေရေးအတွက် အိမ်တိုင်း အေဝမ်းမီးဖိုသုံးစွဲကြပါသည်။ စိုက်ပျိုးရေးသုံးဓါတု ပိုးသတ်ဆေးဗူး အခွံများကိုလည်း မြေမြှပ်ခြင်း၊ မီးရှို့ခြင်း စသည်ဖြင့် လူနှင့် သဘာဝပတ်ဝန်းကျင် မထိခိုက်စေရေးအတွက် အသိပညာပေး၍ လိုက်နာဆောင်ရွက်စေပါသည်။

## (ဈ) ကျား/မရေးရာ

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ပြီး ကျေးရွာ စီမံအုပ်ချုပ်မှုတွင် မပါဝင်ပါ။ အမျိုးသမီးများအား သံသယဖြစ်ဖွယ် အကြမ်းဖက်မှုများ မတွေ့ရှိရပါ။ လုပ်အားခ နှုန်းထားများတွင်လည်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ လက်သမား/ပန်းရံလုပ်ငန်းများတွင် လုပ်အားခ ရရှိမှု ခွဲခြားမှုရှိပါသည်။ ကျန်လုပ်ငန်းများတွင် ကျား/မ ခွဲခြားမှု မရှိပါ။ ပညာတက်မြောက်မှု နှုန်းထားတွင် မူလတန်းပညာ တတ်မြောက်သူ များပြားပါသည်။ ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများ လုပ်ကိုင်ရာတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြပါသည်။ ကျား/မရေးရာ ပြဿနာ နည်းပါးပြီး ညှင်းပန်းနှိပ်စက်မှုများ မတွေ့ရှိရပါ။

## မကွေးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန

## ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း( VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာများ၏ ဦးစားပေးစီမံချက်များစာရင်း

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာအမည် | | စီမံချက်အမည် | | ဦးစားပေးအဆင့် | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| ၁ | မကွေး | ထုံးပေါက်တော | (၁) | ကံရွာ | (၁) | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းစီမံချက် | ဦးစားပေးအဆင့်(၁) | |
| | | | | | (၂) | မြစိမ်းရောင်ကျေးရွာစီမံကိန်းရရှိရေး စီမံချက် | ဦးစားပေးအဆင့်(၂) | |
| | | | | | (၃) | သောက်သုံးရေကန် ရေလွှဲပေါက်ပြုပြင်ရေးလုပ်ငန်းစီမံချက် | ဦးစားပေးအဆင့်(၃) | |
| | | | | | (၄) | အိမ်တိုင်ရာရောက်ရေပိုက်လိုင်းသွယ်တန်းခြင်းစီမံချက် | ဦးစားပေးအဆင့်(၄) | |
| | | | | | (၅) | အသက်မွေးဝမ်းကျောင်းအထောက်အကူပြုသင်တန်းများဖွင့်လှစ်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၅) | |
| | | | | | (၆) | စာသင်ကျောင်းဆောင်တည်ဆောက်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၆) | |
| | | | | | (၇) | ဘက်စုံသုံးခန်းမတည်ဆောက်ခြင်းစီမံချက် | ဦးစားပေးအဆင့်(၇) | |

## ကံရွာလေးကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား

| စဉ် | ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတား | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံချက် |
|---|---|---|---|---|---|---|
| ၁ | ကျေးရွာတွင်းလမ်းများ မကောင်းခြင်း | မြေသားလမ်းဖြစ်နေခြင်း၊ မိုးတွင်းကာလတွင်ရေစီးကြောင်း နှင့်အတူ သဲများပါသွားသဖြင့် ချိုင့် ခွက်များကျန်နေခြင်း၊ နွေရာသီတွင်သဲတောများဖြစ် နေခြင်း၊ | လမ်းအူကြောင်းများရှိခြင်း၊ လုပ်အားရရှိနိုင်ခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊ | ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊ | ကျေးရွာရှိရပ်မိရပ်ဖများမှ ဦးဆောင်၍အလှူရှင်များ ရှာဖွေခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | ကျေးရွာတွင်း လမ်း ကွန်ကရစ်လမ်း ခင်းခြင်းစီမံချက် |
| ၂ | ချေးငွေလွယ်ကူစွာမရရှိခြင်း | စိုက်ပျိုးရေးသွင်းအားစုများ ဝယ်ယူရာတွင်ငွေကြေး အခက်အခက်အခဲရှိခြင်း၊ အတိုးနှုန်းမြင့်မားခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေထူ ထောင်ထားသော်လည်း ရန်ပုံငွေနည်းပါးခြင်း | ကျေးရွာတွင်းပညာတတ် လူငယ်များရှိသဖြင့်ငွေကြေး စာရင်းဇယားများကိုင်တွယ် နိုင်ခြင်း၊ ကျေးရွာသည်ချေးငွေ စီမံကိန်းများအောင်မြင် အောင်လုပ်ဆောင်နိုင်စွမ်း ရှိခြင်း၊ | မတည်ထုတ်ချေးမည့် ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊ | ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | မြစိမ်းရောင်ကျေးရွာ စီမံကိန်းရရှိရေး စီမံချက် |
| ၃ | ကန်ဘောင်ရေလွှဲပေါက် ပြိုကျခြင်း | မိုးတွင်းကာလတွင်ခေတိုက် စားသဖြင့်ကန်ဘောင်များပြိုကျခြင်း ကန်ကောလာခြင်း | မြေနေရာရရှိခြင်း၊ လုပ်အားရရှိနိုင်ခြင်း၊ ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊ | ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊ | ကျေးရွာရှိရပ်မိရပ်ဖများမှ ဦးဆောင်၍အလှူရှင်များ ရှာဖွေခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊ | သောက်သုံးရေကန် ရေလွှဲပေါက်ပြုပြင်ခြင်း လုပ်ငန်းစီမံကိန်း |
| ၄ | သောက်ရေသုံးရေ လွယ်ကူစွာမရရှိနိုင်ခြင်း | သောက်ရေသုံးရေ ရရှိရန်အချိန်ပေးနေရခြင်း ရေခပ်ရန် အချိန်စောင့်ဆိုင်း နေရခြင်း | ကျေးရွာမှလုပ်အား ပေးနိုင်ခြင်း ပိုက်လိုင်းများတူးမြောင်းရာတွင် မြေနေရာပေးနိုင်ခြင်း | ငွေကြေးအခက်အခဲရှိခြင်း၊ နည်းပညာအခက်အခဲရှိခြင်း၊ | ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊ သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | အိမ်တိုင်ရာရောက် ရေပိုက်လိုင်းသွယ်တန်း ခြင်းစီမံချက် |

## ကံရွာလေးကျေးရွာ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုဇယား

| စဉ် | ပြဿနာ/အခက်အခဲ | ဖြစ်ရသည့်အကြောင်းအရင်း | အခြေအနေကောင်း | အဟန့်အတား | ဖြေရှင်းနိုင်မည့်နည်းလမ်း | စီမံချက် |
|---|---|---|---|---|---|---|
| ၅ | ပုံမှန်ဝင်ငွေမရရှိခြင်း | ကျေးရွာတွင်အလုပ်လက်မဲ့ များပြားခြင်း၊<br>အသက်မွေးဝမ်းကြောင်းအထောက် အကူပြုသည့်အတတ်ပညာတတ်သူ နည်းပါးခြင်း၊ | အလုပ်လုပ်ကိုင်နိုင်သည့် လူငယ်များရှိခြင်း | အလုပ်အကိုင်အခွင့်အလမ်း နည်းပါးခြင်း | အနည်းပညာရှင်များ၊ဌာနဆိုင် ရာများနှင့်ချိတ်ဆက်၍ အသက်မွေးဝမ်းကျောင်း သင်တန်းများ ဖွင့်လှစ် ပေးနိုင်ရေးဆောင်ရွက်ခြင်း | အသက်မွေးဝမ်း ကျောင်းအထောက် အကူပြုသင်တန်းများ ဖွင့်လှစ်ခြင်း စီမံချက် |
| ၆ | ကလေးငယ်များပညာ သင်ကြားရန် နေရာ အခက်အခဲရှိခြင်း | ကျောင်းစာသင်ကျောင်းဆောင် မလုံလောက်ခြင်း<br>ကျောင်းသား အင်အား များလာခြင်း | ကျောင်းဆောင်ဆောက်လုပ် ရန်မြေနေရာရှိခြင်း၊<br>ကျေးရွာလူထုမှ စိတ်အား ထက်သန်မှုရှိခြင်း၊ | ငွေကြေးအခက်အခဲရှိခြင်း၊<br>နည်းပညာအခက်အခဲ ရှိခြင်း၊ | ပညာရေးဦးစီးဌာနနှင့် ချိတ်ဆက်၍ ကျောင်း ဆောင် ရရှိရန် အကူအညီ များတောင်းခံခြင်း | စာသင်ကျောင်းဆောင် တည်ဆောက်ခြင်း စီမံချက် |
| ၇ | အစည်းအဝေးကျင်းပရန် နှင့်သာရေး/နာရေး ကိစ္စရပ်များဆောင်ရွက်ရန် သီးခြားနေရာမရှိခြင်း | အုပ်ချုပ်ရေး၊ပညာရေး၊ ကျန်းမာရေးအဖွဲ့ အစည်း အသီးသီးမှလာရောက် ရာတွင် ဘုန်းကြီးကျောင်းနှင့် စာသင်ကျောင်းများတွင် ကျင်းပပြုလုပ်ရခြင်း၊ | ကျေးရွာခန်းမဆောင် ဆောက်လုပ်ရန် မြေကွက်ရှိခြင်း | ငွေကြေးအခက်အခဲရှိခြင်း၊<br>နည်းပညာအခက်အခဲရှိခြင်း၊ | ကျေးရွာမှလူအားငွေအား ဖြင့်ကူညီနိုင်ခြင်း၊<br>သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း | ဘက်စုံသုံးခန်းမ တည်ဆောက်ခြင်း စီမံချက် |

နောက်ဆက်တွဲ (၂)

ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

(၁) ကျေးရွာလူမှုစီးပွားရေးအခြေအနေ

(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ( ၁) လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | ၄နို့စို့အရွယ် | ၁၂ | ၁၅ | ၂၇ | | |
| ၁ နှစ်မှ ၄ နှစ် | ၅ နှစ်အောက်ကလေးငယ် | ၁၆ | ၁၄ | ၃၀ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသား အရွယ် | ၁၅ | ၁၈ | ၃၃ | | ၁ |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသား အရွယ် | ၂၅ | ၃၀ | ၅၅ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၃၉၅ | ၄၁၃ | ၈၀၈ | | |
| ၆၅ နှစ် နှင့် အထက် | သက်ကြီးရွယ်ကြီး | ၃၁ | ၃၅ | ၆၉ | | |
| စုစုပေါင်း | | ၄၉၄ | ၅၂၅ | ၁၀၁၉ | | |
| စုစုပေါင်း အိမ်ထောင်စု | | ၁၇၄ | | | | |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။အသက်အုပ်စု၁နှစ်အောက်ဆိုသည်မှာမွေးကင်းစမှအသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁နှစ်မှ၄နှစ်ဆိုသည်မှာအသက် (၁) နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊၅နှစ်မှ ၉နှစ်ဆိုသည်မှာအသက် (၅) နှစ်ပြည့်သည်မှအသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀နှစ်မှ၁၄နှစ်ဆိုသည်မှာအသက် (၁၀) နှစ်ပြည့် သည်မှအသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅နှစ်မှ၆၄နှစ်ဆိုသည်မှာအသက် (၁၅)နှစ်ပြည့်သည်မှအသက် (၆၅) နှစ်မပြည့်မီအရွယ်၊အသက်၆၅နှစ်နှင့်အထက်ဆိုသည်မှာအသက် (၆၅) နှစ်ပြည့်အရွယ်နှင့်၎င်းထက်အသက်ကြီးသည့်အရွယ်များကိုဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကံရွာလေးကျေးရွာတွင် အိမ်ထောင်စု(၁၇၄)စုမှ ကျား(၄၉၄)ဦးနှင့် မ(၅၂၅)ဦးဖြင့် လူဦးရေစုစုပေါင်း(၁၀၁၉)ဦးရှိကြောင်းတွေ့ရှိရပါသည်။ ထိုလူဦးရေမှ မ(၁)ဦးသည် မသန်စွမ်း ပါကြောင်းတွေ့ရပါသည်။

## (ခ) အလုပ်လုပ်နိုင်သူအင်အား

### (ခ-၁) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၂ | ၁၅၇ | ၆ | ၂ | ၉ | | မြင့်☐ လတ်☑ နိမ့်☐ |
| | အလုပ်သမား / ဝန်ထမ်း | ၃၀ | ၃၀ | ၂ | ၂ | ၃ | | မြင့်☐ လတ်☑ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၀ | ၂၀ | ၂ | ၂ | ၁ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | | | ၂ | မြင့် ☐<br>လတ်☐<br>နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ်☐<br>နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၃၂ | ၃၂ | ၆ | ၆ | ၂ | | မြင့် ☐<br>လတ်☑<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရလုပ်ငန်းမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | ၇၈ | ၇၈ | ၁၄ | ၁၆ | ၃ | ၁၆ | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | | | | ၇ | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၁ | လက်လီ- လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၇ | ၇ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့်☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၄ | ၄ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☑<br>နိမ့် ☑ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | ၂ | ၁ | ၁ | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | ၁ | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☑ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐<br>လတ် ☐<br>နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | | | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းအဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | အမျိုးသမီး ဦးဆောင် သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| | အလုပ်သမား / ဝန်ထမ်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | ☒ |
| | အလုပ်သမား /ကျပန်း / ရာသီအလိုက် အလုပ်သမား | ၇၈ | ၇၈ | ၁၄ | ၁၆ | ၃ | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့်ကုမ္ပဏီများတွင်လုပ်ကိုင်သူများ** | | | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | ၁ | | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | **စုစုပေါင်း** | | | | | | | ☒ |

**ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။။“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် **“မိသားစုဝင်လုပ်အား”ထပ်မံထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **“ရပ်တည်နိုင်မှု (နိမ့်၊လတ်၊မြင့်)”** ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အလုပ်အကိုင်အခွင့်အလမ်း ရရှိနိုင်မှုအခြေအနေကိုဆိုလိုပါသည်။ ဥပမာ –**“စိုက်ပျိုးရေး”** ကဏ္ဍ ၏ **“ကိုယ်ပိုင်လုပ်ငန်း”** တွင်ရပ်တည်နိုင်မှု **“မြင့်”** ဆိုပါကအဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟုဆိုလို ပါသည်။

**လေ့လာတွေ့ရှိချက်။** ကျေးရွာ၏အဓိကလုပ်ငန်းမှာ စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပါသည်။ ယာမြေများမှာမြေဩဇာအသင့်အတင့်သာကောင်းမွန်သဖြင့် အထွက်နှုန်းလျော့နည်းပြီး ဝင်ငွေနည်းပါနေသည့် လက်သမား၊ပန်ရံလုပ်ငန်းများတွင် လုပ်ကိုင်သူများ ရှိပြီး အိမ်ဆိုင်လုပ်ငန်းများလည်းရှိသည်။

**(ခ-၂) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး (ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၆၀၀၀ | ၅၀၀၀ | ၆၀၀၀ | ၃၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | | | | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၅၅၀၀ | ၇၀၀၀ | ၅၅၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကားရောင်းဝယ်ရေး | နေ့စား | | | | |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | နေ့စား | | | | |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း | နေ့စား | | | | |

**ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း - ရပ်မိရပ်ဖအုပ်စု၊အမျိုးသမီးအုပ်စု၊ လယ်သမား အုပ်စု။**

**မှတ်ချက်(၁) လခစားအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (လစာ÷၂၂.၇၅)**

(၂)နာရီတွက်ဖြင့်ရသောအလုပ်သမားများ၏တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ×၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာ၏အဓိက အသက်မွေးဝမ်းကျောင်းမှာ လယ်ယာ စိုက်ပျိုးရေး လုပ်ငန်းဖြစ်သည့်အတွက် လယ်ယာလုပ်ငန်းတွင် ကျား/မ လုပ်အားခအနည်းငယ်သာကွာခြားပြီး လက်သမားပန်ရံလုပ်ငန်းများတွင် ကျား/မ လုပ်အားခ ကွာခြားမှုရှိကြောင်း တွေ့ရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သောမြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာအရည်အသွေး (မှန်ရာတစ်ခုကိုသာရွေးရန်) |
|---|---|---|
| လယ်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ယာမြေ / တောင်ယာမြေ | ၃၅၀ | ကောင်း ☐ သင့်☑ ညံ့ ☐ |
| ဥယျာဉ်ခြံမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ကိုင်း/ကျွန်းမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| ဓနိတောမြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| စားကျက်မြေ | | ကောင်း ☐ သင့်☐ ညံ့ ☐ |
| မြေလွတ်မြေလပ် | | ကောင်း ☐ သင့်☑ ညံ့ ☐ |
| စုစုပေါင်း | ၃၅၀ | ☒ |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊
(၂) ဦးတည်အုပ်စုဆွေးနွေးခြင်း – လယ်သမားအုပ်စု၊
(၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊
(၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ်ဆိုသည်မှာယခင်ကသီးစားခံယူလုပ်ကိုင်လာခဲ့ပြီးအကြောင်း အမျိုးမျိုးကြောင့်စွန့်လွှတ်ထားသည့်သီးစားခံယူလုပ်ကိုင်သူမရှိသောစိုက်ပျိုးရေး (သို့) မွေးမြူရေး လုပ်ကိုင်နိုင်သည့်မြေနှင့်နိုင်ငံတော်ကသီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် ယာမြေ(၃၅၀)ဧကရှိပြီး မြေဆီလွှာအရည်အသွေး အသင့်အတင့် ကောင်းမွန်သဖြင့် စိုက်ပျိုးသီးနှံများမှာ ရာသီဥတု ကောင်းမွန်ပါက ဖြစ်ထွန်း

အောင်မြင်ကြောင်း တွေ့ရပါသည်။ ယခုနှစ်များတွင် လမ်းဘေးဝဲယာယာမြေများမှာ ဝိုင်းကွက်များအဖြစ် ကုမ္ပဏီများမှဝယ် ယူခြင်းများရှိကြောင်းတွေ့ရှိရပါသည်။

(၈-၂) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခာတ်သတ္တုနှင့်အခြားသဘာဝရင်းမြစ်များ

| အမျိုးအစား | ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u>ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ<u>တစ်ခု ကိုသာ</u>ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြား တွင်းထွက် သယံဇာတများ (ခာတ်ငွေ့၊ ရေနံ၊ ကျောက်မျက်စသည်။) | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ကျောက်၊သဲ၊ကျောက်စရစ် စသည်များ | များ ☐ သင့်☑<br>နည်း☐ မရှိ ☐ | လွယ် ☐ ခက်☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ ဆေးဘက်ဝင်အပင်များ) | များ ☐ သင့်☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သဘာဝ တိရစ္ဆာန်မျိုးစိတ်များ | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | ☒ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေပေါ်ရေ (အင်း၊ အိုင်၊ ကန်၊ ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☐ သင့်☐<br>နည်း ☑ မရှိ ☐ | လွယ် ☐ ခက်☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| ရေ - မြေအောက်ရေ (တွင်းတိမ်၊တွင်းနက်၊ လက်တူးတွင်း) | များ ☐ သင့်☑<br>နည်း ☐ မရှိ ☐ | လွယ် ☐ခက်☑<br>အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☑<br>အပြောင်းအလဲမရှိ ☐ |
| သစ်တော - အပူပိုင်းသစ်တော | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ်☐ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |
| သစ်တော - ဒီရေတောများ | များ ☐ သင့်☐<br>နည်း ☐ မရှိ ☑ | လွယ် ☐ ခက်☐<br>အသုံးမပြုနိုင်ပါ ☑ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ☑ |

| အမျိုးအစား | ကျေးရွာနှင့်အနီး ပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | အသုံးချနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာတစ်ခု ကိုသာရွေးရန်) |
|---|---|---|---|
| | | | |

**ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု၊သစ်တောဦးစီးဌာန၊ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာအနေဖြင့် သတ္တုု၊ ဓာတ်ငွေ့၊ ရေနံနှင့် ကျောက် မျက်ရတနာများ ထွက်ရှိခြင်းမရှိပါ။ ချောင်းသဲ၊ ကျောက်စရစ်များ အလွယ်တကူရရှိနိုင်ခြင်း မရှိပါ။

**(ဃ) ဥစ္စာဓနအဆင့်အခြေအနေ**

**ဇယား (၆) ဥစ္စာဓနအဆင့်အခြေအနေ**

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | အဆင်ပြေသော အိမ်ထောင်စု | အလယ် အလတ်ရှိသော အိမ်ထောင်စု | မပြေ လည်သော အိမ်ထောင်စု | အလွန် မပြေလည်သော အိမ်ထောင်စု |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း (သို့) မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား (ဝင်ငွေ) အလွန်ကောင်း | စီးပွား (ဝင်ငွေ) အသင့်အတင့် | စီးပွား (ဝင်ငွေ) နည်း | စီးပွား (ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | ၁၀ | ၁၄ | ၈၆ | ၆၄ |

**ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ်အစည်းအဝေးပြုလုပ်ခြင်း။**

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် စီးပွားရေးအဆင်ပြေသော အိမ်ထောင်စု (၁၀)စုရှိ ကြောင်း နှင့် အလယ်အလတ် အိမ်ထောင်စု (၁၄)စု ရှိကြောင်းတွေ့ရပါသည်။ မပြေလည်သော အိမ်ထောင်စုမှာ သုံးပုံတစ်ပုံသာတွေ့ရပါသည်။ အလွန်ကျပ်သော အိမ်ထောင်စု မှာ(၆၄) စုရှိကြောင်းတွေ့ရပါသည်။

(င) ထိခိုက်လွယ်မှု

(င-၁) ဝမ်းစာဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီ)

| အချိန်ကာလ | အိမ်ထောင်စု အရေအတွက် | အမျိုးသမီးဦး ဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖြေရှင်းသည့်နည်းဗျူဟာ(ဖြေရှင်းနည်းတစ်ခုစီအလိုက်အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃လအောက် ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၃လနှင့်၆လ ကြား ဝမ်းစာ ဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | | | အခြားအစာပြောင်းလဲစား = ___________<br>အစာလျှော့စား = ___________<br>အထောက်အပံ့ယူ = ___________<br>ချေးယူ = ___________<br>လုပ်အားခကြိုယူ = ___________ |

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏၃၀ရာခိုင်နှုန်းစီအား စစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ

(င-၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အိုဖ၄နှစ်နှင့်အထက် | | ၁ | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသောမသန်စွမ်းသည့်ပုဂ္ဂိုလ် | | | |
| | အိမ်ထောင်စု အရေအတွက် | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင်အိမ်ထောင်စု | ၆ | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/ တစ်ခုလပ်အိမ်ထောင်စု | ၃ | | |
| အခြားဒေသသို့ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင်နေသည့်ဆင်းရဲသည့်အိမ်ထောင်စု | | | |

ရင်းမြစ် … ဦးတည်အုပ်စုဆွေးနွေးခြင်း – ရပ်မိရပ်ဖအုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် မိသားစုစောင့်ရှောက်မှု မရှိသော အသက်(၆၅)နှစ်အထက် အမျိုးသမီး(၁)ဦးရှိပြီး ဆွေမျိုးများနှင့် ရပ်ရွာ၏ အထောက်အပံ့ဖြင့် အသက်မွေးလျက် ရှိပါသည်။ ဆင်းရဲ၍ မိသားစုဦးရေများပြားပြီး မပြေလည်သည့် အမျိုးသမီး ဦးဆောင် အိမ်ထောင်စု(၆)စု ရှိကြောင်း တွေ့ရှိရပါသည်။

(င-၃) ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေဇယား

(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေး အစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | | | | | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | √ | | | | | |
| ၃ | မုန်တိုင်း | | | | | | |
| ၄ | ဆူနာမီ | | | | | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | | | | | | |
| ၆ | လေဆင်နှာမောင်း | | | | | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေ မည့်အစီအမံများ) | | |
|---|---|---|---|---|---|---|---|
| ၇ | လျောင် | | | | | | |
| ၈ | အပူလှိုင်း | | | | | | |
| ၉ | စိုက်ပျိုးမြေများတွင် ရေင်ဝင်ရောက်မှု | | | | | | |
| ၁၀ | အအေးလှိုင်း | | | | | | |
| ၁၁ | မိုးသီးကြွေကျမှု | | | | | | |
| ၁၂ | မိုးခေါင်ခြင်း | | | √ | | | |
